# သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)
## အကြိမ် (၄၀)နှင့် (၄၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက်များအား ကြိုဆိုခြင်းနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်

ကျင်းပပြီးစီးခဲ့သည့် အကြိမ်(၄၀)နှင့် (၄၁)အကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံရေး အကျပ်အတည်းဖြေရှင်းရေးနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို ကြိုဆိုပြီး မြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရာတွင် အာဆီယံအား အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပေးပါရန် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)က တိုက်တွန်းသည်။

၁။ ၁၉၄၇ ပင်လုံစာချုပ်ကို အကောင်အထည်ဖော်နိုင်မှ နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည်။

၂။ ၂၀၂၀ ရွေးကောက်ပွဲပြဿနာကို ဦးတည်၍ ဖြေရှင်းခြင်းသည် အရင်းခံနိုင်ငံရေးပြဿနာအား ဖြေရှင်းခြင်း မဟုတ်သဖြင့် လက်ရှိနိုင်ငံရေး အကျပ်အတည်းများကို ဖြေရှင်းနိုင်မည် မဟုတ်ချေ။

၃။ အာဆီယံအနေဖြင့် တွေ့ဆုံဆွေးနွေးမည်ဆိုလျှင် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ(EAO)၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ (SAC)၊ နိုင်ငံရေးပါတီများ၊ တတ်သိပညာရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် Stakeholders များ အားလုံးနှင့် တွေ့ဆုံဆွေးနွေး၍ ဝိုင်းဝန်းကြိုးပမ်း နည်းလမ်းရှာနိုင်မှသာ လက်ရှိနိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းနိုင်မည်။

၄။ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အသိသက်သေနိုင်ငံများ၊ အဖွဲ့အစည်းများ အနေဖြင့် ပါဝင်ကူညီပံ့ပိုးရန် လိုအပ်ကြောင်း ထုတ်ပြန်ကြေညာပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်-
၁။ ဗိုလ်မှူး ခမ်းစံ- +၆၆ ၆၄၉ ၇၀၄ ၀၆၁
၂။ ဒုတိယ ဗိုလ်မှူးကြီး အုမ်ခေး - +၉၅ ၉၆၅ ၀၄၁ ၇၃၆၀